## ဆွစ်ဇာလန်နိုင်ငံရောက် မဲဆန္ဒရှင်မြန်မာနိုင်ငံသားများထံ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အထွေထွေရွေးကောက်ပွဲအား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့်ကိစ္စနှင့်စပ်လျဉ်း၍ ကြိုတင်ဆန္ဒမဲ ပေးအပ်ရာတွင် ဖြည့်သွင်းရမည့်ပုံစံ (ပုံစံ ၁၅)အား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် Website ဖြစ်သည့် www.uec.gov.mm တွင် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website ဖြစ်သည့် www.mofa.gov.mm နှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့၏ Website ဖြစ်သည့် www.myanmargeneva.org တို့တွင် လည်းကောင်း ၃-၇-၂၀၂၀ ရက်နေ့မှ စတင်၍ Download ရယူနိုင်ပါကြောင်းနှင့် ဖြည့်စွက်ပြီး ပုံစံ (၁၅) များအား မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့သို့ ၁၆-၇-၂၀၂၀ ရက်နေ့မှ ၅-၈-၂၀၂၀ ရက်နေ့အတွင်း ပြန်လည် ပေးပို့နိုင်ပါရန် အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ဆွစ်ဇာလန်နိုင်ငံရောက် ကြိုတင်ဆန္ဒမဲ ပေးအပ်လိုသူများအနေဖြင့် အထက်ဖော်ပြပါ (ပုံစံ ၁၅) များအား ၁၆-၈-၂၀၂၀ ရက်နေ့အရောက် ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး (Permanent Mission of the Republic of the Union of Myanmar, 47 Avenue Blanc, 1202 Geneva) သို့လည်းကောင်း၊ အဖွဲ့ရုံး အီးမေးလ်ဖြစ်သည့် mission@myanmargeneva.org သို့လည်းကောင်း ပေးပို့နိုင်ကြပါကြောင်း ထပ်မံအသိပေး အကြောင်းကြားအပ်ပါသည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊
ဂျီနီဗာမြို့
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်